# စုပေါင်းတရားစွဲဆိုခြင်းဆိုင်ရာ အဆိုပြုထားသော ကျေအေးမှုဆိုင်ရာ အသိပေးချက် နယူးယောက် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးဂေဟာ အကူးအပြောင်းနှင့် လွှဲပြောင်းခြင်း ပရိုဂရမ် (NURSING HOME TRANSITION AND DIVERSION PROGRAM, NHTD)

## ဤအသိပေးချက်ကို မည်သူဖတ်ရှုသင့်သနည်း။

သင်သည် *Bagley v. New York State Department of Health (ဘတ်ဂလေနှင့် နယူးယောက်ပြည်နယ် ကျန်းမာရေးဌာန)* ဆိုင်ရာ စုပေါင်းတရားစွဲဆိုခြင်း ကျေအေးမှုကြောင့် သက်ရောက်မှုရှိနိုင်သည့် တရားလိုအဖွဲ့ဝင် (အဖွဲ့၏တစ်စိတ်တစ်ပိုင်း) ဖြစ်ပါက ဤအသိပေးချက်ကို ဖတ်ရှုသင့်ပါသည်။ အောက်ပါအချက်များနှင့် ကိုက်ညီပါက သင်သည် တရားလိုအဖွဲ့ဝင် (Class Member) တစ်ဦး ဖြစ်ပါသည်-

(1) နယူးယောက်မြို့တွင် နေထိုင်ပြီး

(2) 2012 ခုနှစ်၊ ဩဂုတ်လ 18 ရက်နေ့နောက်ပိုင်းမှစ၍

(3) လူမှုအသိုက်အဝန်းအခြေပြု ရေရှည် ပြုစုကုသခြင်း ဝန်ဆောင်မှုများအား ပံ့ပိုးပေးအပ်သော Medicaid အာမခံကို လက်ခံရရှိနေသူ သို့မဟုတ် လက်ခံရရှိသူဖြစ်ကာ

(4) အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်ပြီးသည့်အပြင်

(5) နယူးယောက်မြို့တွင် NHTD သက်ညှာခြင်း ပရိုဂရမ် (NHTD Waiver Program) ဝန်ဆောင်မှုများအား လျှောက်ထားခဲ့ပါက၊ လျှောက်ထားဆဲဖြစ်ပါက သို့မဟုတ် ကျေအေးခြင်း သဘောတူညီချက်ဆိုင်ရာ (Settlement Agreement) တရားရုံး၏အတည်ပြုချက်ကို ရရှိပြီး သုံးနှစ်အတွင်း လျှောက်ထားကာ

(6) အပတ်စဉ်အလိုက် အင်တာဗျူးအဆင့်၌ NHTD သက်ညှာခြင်း ပရိုဂရမ်အတွက် သတ်မှတ်ချက်နှင့်မပြည့်မီကြောင်း တွေ့ရှိသည့်အပြင် သို့မဟုတ်

(7) သတ်မှတ်ချက်နှင့်ပြည့်မီကောင်းပြည့်မီနိုင်သော်လည်း နောက်ပိုင်းတွင် အဆိုပါဆုံးဖြတ်ချက်ဆိုင်ရာ တရားဝင်အသိပေးစာ မရရှိပါက အရည်အချင်းပြည့်မီသည်ဟု သတ်မှတ်မည်မဟုတ်ကြောင်း အသိပေးထားပြီး

(8) NHTD သက်ညှာခြင်း ပရိုဂရမ်တွင် စာရင်းပေးသွင်းဖူးခြင်းမရှိပါက။

## ဤအသိပေးချက်တွင် မည်သည့်အကြောင်း ဖော်ပြထားသနည်း။

ဤအသိပေးချက်တွင် သင့်အခွင့်အရေးများအပေါ် သက်ရောက်မှုရှိနိုင်သော တရားစွဲဆိုမှုအား ကျေအေးခြင်းအကြောင်း ဖော်ပြထားပါသည်။ 2015 ခုနှစ်တွင် *Bagley et al. v. New York State Department of Health et al (ဘတ်ဂလေနှင့်အခြားသူများ နယူးယောက်ပြည်နယ် ကျန်းမာရေးဌာနနှင့် အခြားဌာနများ) ဟု ခေါင်းစဉ်တပ်ထားသော* NHTD သက်ညှာခြင်း ပရိုဂရမ်ဆိုင်ရာ စုပေါင်းတရားစွဲဆိုမှု ("တရားစွဲဆိုမှု") ကို ဖက်ဒရယ်တရားရုံးတွင် အမှုဖွင့်ခဲ့ပါသည်။ တရားစွဲဆိုမှုတွင် အခြားအချက်များစွာအနက် ကျန်းမာရေးဌာန (Department of Health, DOH) သည် နယူးယောက်မြို့တွင် NHTD သက်ညှာခြင်း ပရိုဂရမ်ကို အရည်အချင်းပြည့်မီသော လျှောက်ထားသူများအား ဝန်ဆောင်မှုများ ရယူနိုင်ရန် ခက်ခဲစေသော ခဲရာခဲဆစ် နည်းလမ်းများဖြင့် ဖန်တီးစီမံထားသည်ဟု စွပ်စွဲခဲ့ပါသည်။ DOH သည် မသင့်လျော်စွာ လုပ်ဆောင်ခဲ့ခြင်းမရှိဟု ငြင်းဆိုခဲ့ပါသည်။ ယခုအခါတွင် တရားလိုများနှင့် DOH သည် တရားလိုအဖွဲ့ဝင်များအားလုံးအတွက် မျှတမှုရှိသည်ဟု ၎င်းတို့ ယုံကြည်ယူဆသော ကျေအေးလွှာကို တင်သွင်းထားပါသည်။ သို့သော် ကျေအေးကြောင်း သဘောတူညီချက် အသက်ဝင်စေရန်အတွက် တရားရုံးက အဆိုပါသဘောတူညီချက်ကို အတည်ပြုရမည်ဖြစ်သည်။

## ကျေအေးလွှာတွင် မည်သည်တို့ ဖော်ပြပါရှိသနည်း။

ယေဘုယျအားဖြင့် ကျေအေးကြောင်း သဘောတူညီချက်သည် လျှောက်ထားသူများဖြင့် ဆက်သွယ်ပြောဆိုမှု ပိုမိုကောင်းမွန်လာစေရန်၊ NHTD ပရိုဂရမ် ဝန်ဆောင်မှုများကို ပိုမိုလွယ်ကူစွာ ရယူနိုင်စေရန်နှင့် လျှောက်ထားခြင်းလုပ်ငန်းစဉ် အရှိန်မြင့်လာစေရန် ရည်ရွယ်ပါသည်။ အဆိုပါရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်စေရန်အလို့ငှာ အခြားအရာများအနက် အောက်ဖော်ပြပါတို့ကို ကျေအေးမှုအတွက် လိုအပ်ပါသည်–

- NHTD သက်ညှာခြင်း ပရိုဂရမ်မှတစ်ဆင့် ဝန်ဆောင်မှုများကို စီမံခန့်ခွဲသော သို့မဟုတ် ပေးအပ်သော အေဂျင်စီများအတွက် ထပ်လောင်းလေ့ကျင့်သင်ကြားမှု၊
- NHTD သက်ညှာခြင်း ပရိုဂရမ်နှင့်အတူ လူမှုအသိုက်အဝန်းအတွင်း ရရှိနိုင်သော ဝန်ဆောင်မှုများနှင့် လျှောက်ထားခြင်းလုပ်ငန်းစဉ်တို့ကို တရားလိုအဖွဲ့ဝင်များ၊ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးဂေဟာ၌ နေထိုင်သူများ၊ သက်ကြီးရွယ်အို

ပြုစုစောင့်ရှောက်ရေးဂေဟာအား စီမံခန့်ခွဲသူများ၊ ဆေးရုံဆင်းရန် စီစဉ်ပေးသူများနှင့် အခြားသူများ သတိပြုမိလာစေရန် လုပ်ဆောင်ပြီး ကမ်းလင့်ကူညီခြင်း၊

- နယူးယောက်မြို့တွင် အသုံးများသော ဘာသာစကားများဖြင့် ရှေ့နောက်ညီပြီး ရှင်းလင်းစွာ ရေးသားဖော်ပြထားသော၊ စာလုံးကြီးဖြင့် ပုံနှိပ်ထားသော၊ မျက်မမြင်စာဖြင့် ရေးသားထားသော သို့မဟုတ် တောင်းဆိုပါက အီလက်ထရွန်းနစ်ဖော်မတ်ဖြင့် ရရှိနိုင်သော အသိပေးချက်များ၊
- လျှောက်ထားသူတစ်ဦးက ဆုံးဖြတ်ချက်အား မည်သို့မည်ပုံစောဒကတက်နိုင်ကြောင်း ငြင်းဆိုခြင်း အသိပေးချက်များဆိုင်ရာ အချက်အလက်များ၊
- အိမ်ခန်းရှာဖွေရာ၌ လျှောက်ထားသူများနှင့် ဝန်ဆောင်မှုညှိနှိုင်းရေးမှူးများအား ကူညီရန် အိမ်ရာကျွမ်းကျင်သူများကို ငှားရမ်းခြင်း၊
- Medicare နှင့် Medicaid ဝန်ဆောင်မှုများ စင်တာ (Center for Medicare and Medicaid Services, CMS) အတည်ပြုချက်နှင့်အညီ NHTD ပရိုဂရမ်ဝန်ဆောင်မှုများ မစတင်မီ လျှောက်ထားသူများအား ကူညီရာ၌ ဝန်ထမ်းများ အချိန်ပိုပေးနိုင်စေရန်အလို့ငှာ ဝန်ဆောင်မှုညှိနှိုင်းဖြည့်ဆည်းရေး အေဂျင်စီများ (Service Coordination Agencies) အတွက် ကုန်ကျစရိတ်ပြန်ပေးခြင်းနှုန်းထားများကို တိုးမြှင့်ရန် အတည်ပြုချက်ရယူခြင်း၊
- လျှောက်ထားသူများ အချိန်တိုတိုနှင့် ရွှေ့ပြောင်းနိုင်ပြီး လူမှုအသိုက်အဝန်းအခြေပြု ဝန်ဆောင်မှုများ ရရှိနိုင်စေရန်အတွက် NHTD ပရိုဂရမ်နှင့် အထူးအခွင့်အရေးပေးသည့် ပရိုဂရမ် (Open Doors Program) များကြားတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်း။
- NHTD ပရိုဂရမ် ဝန်ဆောင်မှုများကို ရယူအသုံးပြုရန် ခက်ခဲစေသော ရှုပ်ထွေးမှုများရှိသည့် ကိစ္စရပ်များရှိနေသော လျှောက်ထားသူများအတွက် NYC NHTD သက်ညှာခြင်း ပရိုဂရမ်၏ ပံ့ပိုးကူညီမှုအား မြှင့်တင်ခြင်း။

ပြောင်းလဲမှုများကို NHTD သက်ညှာခြင်း ပရိုဂရမ် လက်စွဲစာအုပ် ဗားရှင်းအသစ်တွင် ဖော်ပြထားမည်ဖြစ်ပြီး အဆိုပါဗားရှင်းအသစ်ကို ပရိုဂရမ်၌ ဝန်ဆောင်မှုပေးအပ်လျက်ရှိသော အေဂျင်စီများအားလုံး ရရှိနိုင်မည်ဖြစ်ပြီး DOH ၏ ဝက်ဘ်ဆိုက်တွင် အများသူငှာ တွေ့မြင်နိုင်မည် ဖြစ်ပါသည်။

ဤသည်မှာ ကျေအေးခြင်း သဘောတူညီချက်ဆိုင်ရာ အတိုချုပ် ဖြစ်ပါသည်။ ကျေအေးခြင်းဆိုင်ရာ စည်းမျဉ်းများအားလုံး အသေးစိတ်ဖော်ပြပါရှိသော ကျေအေးခြင်း သဘောတူညီချက်ကို ဤဝက်ဘ်ဆိုက် https://mobilizationforjustice.org/nhtd/ တွင် တွေ့ရှိနိုင်ပါသည်။ ကျေအေးခြင်း သဘောတူညီချက် မိတ္တူကို ရယူလိုပါက သို့မဟုတ် မေးမြန်းလိုသည်များရှိပါက တရားလိုအဖွဲ့ဝင်များဆိုင်ရာ ကောင်စီသို့ ဖုန်းခေါ်ဆိုခြင်း၊ စာတိုက်မှ စာပို့ခြင်း သို့မဟုတ် အီးမေးလ်ပေးပို့ခြင်း ပြုလုပ်နိုင်ပါသည်။ ၎င်းတို့၏ ဆက်သွယ်ရန်အချက်အလက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**Mobilization for Justice**
**110 William Street, 6th Floor**
**New York, NY 10038**
**Phone: 212-417-3700**
**Fax: 212-417-3891**
nhtdclass@mfjlegal.org
**သို့မဟုတ်**
**Patterson Belknap Webb & Tyler LLP**
**1133 Avenue of the Americas**
**New York, NY 10036**
**Phone: 212-336-2000**
**Fax: 212-336-2222**
nhtdclass@mfjlegal.org

## ထုတ်ပြန်ချက်

ကျေအေးခြင်း သဘောတူညီချက်ကို တရားရုံးက အတည်ပြုလိုက်ပါက DOH သည် တရားစွဲဆိုမှုဖြစ်စေသည့် ဖြစ်ရပ်များနှင့်ဆက်စပ်၍ ငွေရေးကြေးရေးအရမဟုတ်သည့် ကုစားမှုများအတွက် ထပ်လောင်းတရားစွဲဆိုမှုများ သို့မဟုတ် တောင်းဆိုမှုများအတွက် တာဝန်ရှိတော့မည်မဟုတ်ပါ။ ဆိုလိုသည်မှာ ကျေအေးခြင်း သဘောတူညီချက် အသက်ဝင်သည့်ရက်စွဲမတိုင်မီ NHTD သက်ညှာခြင်း ပရိုဂရမ်အတွက် လျှောက်ထားခြင်းနှင့်ဆက်စပ်သည့် ဖြစ်ရပ်များအတွက် DOH ကို တရားစွဲနိုင်တော့မည်မဟုတ်ဟူ၍ ဖြစ်ပါသည်။

## <u>သင့်တွင် ကျေအေးခြင်းဆိုင်ရာ စည်းမျဉ်းများကို မှတ်ချက်ပေးပိုင်ခွင့် သို့မဟုတ် ကန့်ကွက်ပိုင်ခွင့် ရှိပါသည်</u>

## <u>ကျေအေးခြင်းကို အတည်မပြုမီ တရားရုံးသည် ရှိလာနိုင်သည့် ကန့်ကွက်မှုများကို နားထောင်ရန်အတွက် "ဘက်မလိုက်သော ကြားနာမှု" တစ်ရပ်ကို ပြုလုပ်မည် ဖြစ်ပါသည်</u>

### ကျေအေးခြင်း သဘောတူညီချက်ကို သဘောတူပါက တစ်စုံတစ်ရာလုပ်ဆောင်ရန် လိုပါသလား။

မလိုပါ။ ကျေအေးခြင်း သဘောတူညီချက်ကို သဘောတူပါက မည်သည်ကိုမျှ လုပ်ဆောင်ရန် မလိုအပ်ပါ။ တရားရုံးက ကျေအေးခြင်း သဘောတူညီချက်ကို အတည်ပြုပါက အထက်ဖော်ပြပါ လုပ်ဆောင်ချက်များကို သင် တွေ့မြင်ရမည် ဖြစ်ပါသည်။ သင်သည်လည်း ဤကျေအေးမှုနှင့် စည်းနှောင်မှုရှိမည် ဖြစ်ပါသည်။

### ကျေအေးခြင်း သဘောတူညီချက်ကို မည်ကဲ့သို့ ကန့်ကွက်နိုင်မည်နည်း။

ကျေအေးခြင်း သဘောတူညီချက်ကို ကန့်ကွက်နိုင်သော သို့မဟုတ် မှတ်ချက်ပေးနိုင်သော နည်းလမ်းနှစ်ခု ရှိပါသည်-

1. ကျေအေးခြင်းအပေါ် သင်၏ကန့်ကွက်မှုများနှင့် မှတ်ချက်များ ပါဝင်သော "**Bagley Settlement**" **(ဘတ်ကလေ ကျေအေးမှု)** ဟု အမှတ်အသားပြုထားသည့် စာ သို့မဟုတ် စာဖြင့်ရေးသားထားသော ထုတ်ပြန်ကြေညာချက်ကို တရားရုံးထံ ပေးအပ်နိုင်သည်။ သင့်အမည်၊ လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ လက်မှတ်နှင့် ကျေအေးခြင်း သဘောတူညီချက်အား ကန့်ကွက်ရခြင်း အကြောင်းအရင်းများဆိုင်ရာ ရှင်းလင်းချက်အပြည့်အစုံကို ထည့်သွင်းဖော်ပြပါ။ __[<u>insert from Order</u>]____ နောက်ဆုံးထား၍ စာတိုက်အမှတ်အသား ခတ်နှိပ်ထားသော အဆိုပါစာကို [insert date from Order] တွင် သို့မဟုတ် ထိုနေ့မတိုင်မီ တရားရုံး မှတ်တမ်းအရာရှိ (Clerk of the Court) ထံသို့ လူကိုယ်တိုင် သို့မဟုတ် စာတိုက်မှတစ်ဆင့် ပေးပို့နိုင်ပါသည်။ သင်သည် ထိုစာ၏မိတ္တူကို တရားလိုအဖွဲ့ဝင်များအတွက် ရှေ့နေများဖြစ်သော Patterson Belknap Webb & Tyler LLP <u>သို့မဟုတ်</u>

Mobilization for Justice ထံသို့လည်း ပေးပို့ရပါမည်။ ရှေ့နေများ၏ စာတိုက်လိပ်စာများကို အထက်တွင် ဖော်ပြထားပါသည်။ တရားရုံးလိပ်စာကို အောက်တွင် ဖော်ပြထားပါသည်-

**Clerk of the Court**
**United States District Court for the Eastern District of New York**
**225 Cadman Plaza East**
**Brooklyn, New York 11201**

2. ဘက်မလိုက်သော ကြားနာမှု (Fairness Hearing) လုပ်ဆောင်သည့်နေ့ (အောက်တွင်ကြည့်ပါ) တွင် တရားရုံးသို့ လာရောက်ပြီး သင်၏မှတ်ချက်များ နှင့်/သို့မဟုတ် ကန့်ကွက်မှု(များ) ကို တရားသူကြီးထံ တင်ပြနိုင်ပါသည်။ ဘက်မလိုက်သော ကြားနာမှုကို __________, 2024, ____ တွင် United States District Courthouse, 225 Cadman Plaza East, Brooklyn, New York, 10 လွှာရှိ Courtroom 10C South တွင် တရားသူကြီး Frederic Block က ဦးဆောင်ကျင်းပမည် ဖြစ်ပါသည်။ မှတ်ချက်မပေးလိုပါက သို့မဟုတ် ကန့်ကွက်ခြင်း သို့မဟုတ် မှတ်ချက်ပေးခြင်းကို စာဖြင့်ရေးသား၊ တင်သွင်းပြီးဖြစ်ပါက ဘက်မလိုက်သော ကြားနာမှုသို့ သင် တက်ရောက်ရန် မလိုအပ်ပါ။

မေးမြန်းလိုသည်များရှိပါက တရားလိုအဖွဲ့ဝင်များဆိုင်ရာ ကောင်စီသို့ ဖုန်းခေါ်ဆိုခြင်း သို့မဟုတ် အီးမေးလ်ပေးပို့ခြင်း ပြုလုပ်နိုင်ပါသည်။

## တရားရုံးသို့ ဖုန်းခေါ်ဆိုခြင်းမပြုပါနှင့်

ဤအသိပေးချက်ကို နယူးယောက်ပြည်နယ် ကျန်းမာရေးဌာန ဝက်ဘ်ဆိုက် https://health.ny.gov/facilities/long_term_care/nhtd/resources/index.htm တွင် အာရဗီဘာသာ၊ ဘင်္ဂလီဘာသာ၊ မြန်မာဘာသာ၊ တရုတ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ဟေးရှန်း-ခရီရိုးဘာသာ၊ အီတလီဘာသာ၊ ဂျပန်ဘာသာ၊ ကိုရီးယားဘာသာ၊ နီပေါဘာသာ၊ ပိုလန်ဘာသာ၊ ရုရှားဘာသာ၊ စပိန်ဘာသာ၊ အူရဒူဘာသာနှင့် ရဟူဒီဘာသာတို့ဖြင့်လည်း ရရှိနိုင်ပါသည်။